KNPP
Karenni National Progressive Party

KNU
Karen National Union

CNF
Chin National Front

# ဂုဏ်ပြုသဝဏ်လွှာ

၂၀၂၄ ခုနှစ် ဩဂုတ်လ (၄) ရက်

မြန်မာအမျိုးသားဒီမိုကရက် တစ်မဟာမိတ်တပ်မတော် (MNDAA)၊ တအောင်းအမျိုးသား လွတ်မြောက်ရေး တပ်မတော် (TNLA) တို့ဦးဆောင်သည့် တော်လှန်ရေးမဟာမိတ်တပ်ဖွဲ့များက ရှမ်းပြည်မြောက်ပိုင်းလားရှိုးမြို့တွင် အခိုင်အမာတပ်တည်ဆောက်ထားသည့် အာဏာသိမ်းစစ်ခေါင်းဆောင်၏ အရှေ့မြောက်ပိုင်း စစ်ဌာနချုပ် (ရမခ) ကို ၂၀၂၄ ခုနှစ် ဩဂုတ်လ (၃) ရက်နေ့တွင် အောင်မြင်စွာဖြင့် သိမ်းပိုက်လိုက်သည့်အတွက် ကျွန်ုပ်တို့ ညီနောင် တော်လှန်ရေးအဖွဲ့အစည်းများဖြစ်သော KNPP, KNU နှင့် CNF တို့က လွန်စွာ အားရနှစ်သက်ပြီး ဝမ်းသာဂုဏ်ယူပါကြောင်း သိစေအပ်ပါသည်။

၁၀၂၇ စစ်ဆင်ရေး ဒုတိယပိုင်း ၏ အောင်မြင်မှုများစွာအတွက် ဂုဏ်ယူအားရခြင်းဖြင့် အောင်ပွဲများဆက်လက်ရရှိရေးအတွက် ဆန္ဒပြုသလို မိမိတို့ညီနောင်တော်လှန်ရေးအဖွဲ့များကလဲ ဟန်ချက်ညီစွာဖြင့် အာဏာသိမ်းစစ်တပ်များ ပြိုလဲသည်အထိ ဆက်လက်တိုက်ပွဲဝင်ကြမည်ဟု သံဋ္ဌိဌာန်ပြုပါကြောင်း သိစေအပ်ပါသည်။

ဤအောင်ပွဲသည် စစ်ကောင်စီပြိုလဲရေးအတွက်မှတ်တိုင်တခုအဖြစ် အရေးပါသလို ဤစစ်ရေးအောင်ပွဲမှ တဆင့် စစ်အာဏာရှင်စနစ်အပါအဝင် မည်သည့်အာဏာရှင်စနစ်ကိုမဆို ဖယ်ရှားပြီး ဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရေးအတွက် နိုင်ငံရေးနှင့် စစ်ရေး ဟန်ချက်ညီသည့်လုပ်ငန်းစဉ်ဖြင့် ပြည်သူလူထု လိုလားတောင်းတသော စနစ်သစ်ပြုပြင်ပြောင်းလဲရေးအတွက် အတူတကွတိုက်ပွဲဝင်ကြမည်ဖြစ်ပါကြောင်း မိမိတို့သဘောထားကို ထုတ်ဖော်ကာ ဂုဏ်ပြုအပ်ပါသည်။

ဆက်သွယ်ရန် -

(၁) ခူးပလုရယ် (KNPP) +၆၆ ၈ ၉၅၅၃ ၁၂၉၆

(၂) ဆလိုင်းထက်နီ (CNF) +၉၁ ၆၉ ၀၉၇၅၁၇၂၁

(၃) ပဒိုစောတောနီး (KNU) +၆၆ ၆ ၃၀၂၀ ၂၄၁၁